## ၃၀။ ဘယ်အချိန် ရယ်ရမလဲ



ရုပ်ရှင်ရုံထဲတွင် ဖြစ်သည်။ ရှေ့ခုံတွင်ထိုင်နေသောအမျိုးသမီးကို နောက်ခုံမှလူငယ်က ပြောသည်။

"အစ်မကြီးခင်ဗျာ၊ ကျေးဇူးပြုပြီး အစ်မကြီးရဲ့ဦးထုပ်ကိုချွတ်ပေးပါ။ ကျွန်တော်က ဟာသကား လာကြည့်တာပါ။ အစ်မကြီးရဲ့ဦးထုပ်ကွယ်နေတော့ ရယ်ရမယ့်နေရာမှာ၊ ကျွန်တော် ဘာမှမသိရဘူးဖြစ်နေပါတယ်"

"ဒါများ အခက်လုပ်လို့မောင်ရင်ရယ်၊ အစ်မကြီးရဲ့ပခုံးကိုကြည့်လိုက်ပေါ့။ ပခုံးလှုပ်တာတွေ့ရင်၊ ရယ်ရမယ့်နေရာရောက်ပြီလို့ မှတ်ပြီး ရယ်သာရယ်ပေတော့မောင်ရင်ရယ်"

## ၃၁။ တစ်လမ်းမောင်း

ဒရိုင်ဘာလိုင်စင် လာလျှောက်သောလူငယ်ကို ရဲအရာရှိက မေးသည်။

"တစ်လမ်းမောင်းဆိုတာ ဘာလဲ"

"ရှေ့ကသွားတဲ့ကားကို နောက်ကပဲ တိုက်နိုင်တယ်ဆိုတာကို ဆိုလိုပါတယ်"





## ၂၈။ ပိန်အောင်လုပ်နည်း

"ဟေ့သူငယ်ချင်း၊ မင်းမိန်းမဟာ ခွင့်သွားတဲ့တစ်လအတွင်း အတော်အသားအရေစစ်ပြီး ပိန်ကျသွားပါလား၊ ဘာတွေများစားလို့လဲ"

"တရုတ်အစားအစာ စားတာလေ၊ ကြက်သားခွပ်ပြုတ်ကို တစ်လလုံးလုံး တူနှစ်ချောင်းနဲ့စားလို့ပါ"

## ၂၉။ ကယ်ရမယ်

ဆေးဆိုင်အရောင်းသမသည် ဆိုင်မန်နေဂျာထံ အရေးတကြီး ပြေးလာသည်။

"ဆရာ၊ ဆိုင်ထဲမှာ ဂျူးတစ်ယောက်ရောက်နေတယ်၊ အဆိပ်နှစ်ကျပ်ဖိုးရောင်းပါလို့ လာပြောနေတယ်"

"သူ့ကိုကယ်တင်ဖို့လိုတယ်၊ နှစ်ကျပ်တန်မရှိဘူး၊ သုံးကျပ်တန်ပဲရှိတယ်လို့ပြောလိုက်"